## ပထမပိုင်း

### (က) နေ့စဉ်နံနက်ဆိုအပ်သော ဆုတောင်းမေတ္တာစာများ

### ၁။ ကရုဏာရှုအမှတ်

ခမည်းတော် သားတော် သန့်ရှင်းသော ဝိညာဉ်တော်၏ နာမတော်မြတ်နှင့် အာမင်။

### ၂။ သန်ရှင်းသောဝိညာဉ်တော်ကို ဖိတ်ခေါ်ခြင်း မေတ္တာ

(တိုင်) အို့သန့်ရှင်းသောဝိညာဉ်တော်မြတ်ဘုရား ကြွလာတော်မူပါ

(လိုက်) ဘာသာသူအပေါင်းတို့၏ နှလုံးကို ပြည့်ဝစေ၍ ချစ်လေးမြတ်ခြင်း မီးလျှံဖြင့်လည်း ထွန်းတောက်စေတော်မူပါ။

(တိုင်) ဝိညာဉ်တော်မြတ်ကိုစေလွှတ်သဖြင့်  ဘာသာသူတို့၏ ဝိညာဉ်တို့သည် သန့်ရှင်းဖြူစင်ခြင်းသို့ ရောက်ပါလိမ့်မည်။

(လိုက်) မြေမျက်နှာပြင်သည်လည်း အသစ်ပြုပြင်ခြင်းသို့ ရောက်ပါလိမ့်မည်။

### ဆုတောင်းကြစို့

သန့်ရှင်းသောဝိညာဉ်တော်၏ အလင်းကျေးဇူးတော်အားဖြင့် ဘာသာသူအပေါင်းတို့ကို သွန်သင်တော်မူပေသော အိုမြတ်စွာဘုရားသခင် ၎င်းဝိညာဉ်တော်အားဖြင့် ဖြောင့်မှန်ရာကို နှစ်သက်၍ သာယာချမ်းသာခြင်းကို ခံစားအံ့သောငှာ အကျွန်ုပ်တို့သခင် ယေရှု၏ ကုသိုလ်တော် အကျိုးအဆက်ကို ထောက်တော်မူ၍ အကျွန်ုပ်တို့အား ကယ်မသနားတော်မူပါ။ အာမင်။